ပွေလုံကျေးရွာ
မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ပွေလုံကျေးရွာ၊ မိုးညှင်းမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)
၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

မာတိကာ ၁
အတိုကောက်စကားလုံးများ ၄
စကားချီး ၅
ပွေလုံကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၇
အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၈
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈
(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၀
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမဆိုင်ရာဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၃
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၀
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်

ကျသော ချိတ်ဆက်မှုများ ၂၁
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၃

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ **လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ **စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် **ရေသွင်းဇရိယာ**
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ **မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ**
ဇယား ၂၁ **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ **စိုက်ပျိုးမွေးမြူရေး**မဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် **ပြဿနာနှင့် အခက်အခဲများ**
ဇယား ၂၄ **ရွှေပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ**
ဇယား ၂၅ ရွှေပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ **သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ**
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ **ပညာရေး** အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ **အဖြစ်များသော** ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှုန်းမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေ**ကြောင်း** သယ်ယူပို့ဆောင်ရေး

ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား **၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ**
ဇယား **၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**
ဇယား ၄၆ ယာဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၇

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၉
ကိုးကားစာရင်း ၇၄

အတိုကောက်စကားလုံးများ

AIDS	ခုခံအားကျဆင်းမှုရောဂါ
DRD	ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
HIV	ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်
MADB	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
MEB	မြန်မာ့စီးပွားရေးဘဏ်
MMK	မြန်မာကျပ်
MoALI	စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
NGO	အစိုးရမဟုတ်သောအဖွဲ့အစည်း
PRA	ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း
SLRD	ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန
STD	လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ
PTA	မိဘဆရာအသင်း
TB	တီဘီရောဂါ
VDG	ကျေးရွာဖွံ့ဖြိုးရေးအဖွ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့်

နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ် ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဟွေလုံကျေးရွာ
မိုးညှင်းမြို့နယ်

ဟွေလုံကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

အစိုးရနှင့် အခြားအဖွဲ့အစည်များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)။ နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက် သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မိုးညှင်းမြို့၊ဟိုပင်မြို့နှင့်ဖားကန့်မြို့နယ် ကားလမ်းမပေါ်တွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ မိုးညှင်းမြို့နှင့် ၅၅ မိုင်ကွာဝေးပြီး မိုးညှင်းမြို့နယ်နှင့်ထိစပ်နယ်မြေဖြစ်ပြီး ဖားကန့်မြို့နှင့်လည်း အတော်ပင်ကွာဝေးပါသည်။ကျေးရွာ၏ ဧရိယာမှ ၁၀ မိုင်ပတ်လည်ရှိပြီး အရှေ့ ၊ အနောက်နှင့်မြောက်ဘက်ခြမ်းတွင် တောင်တန်းများဝိုင်းရံထားသည်။ကျေးရွာ၏ အရှေ့ဘက်နှင့် အနောက်ဘက်တွင် တောင်တန်းများ ဝိုင်းရံထားသည်။ကျေးရွာ၏ အရှေ့ဘက်နှင့်အနောက်ဘက်တွင် ချောင်းများတည်ရှိသည်။မြောက်မှတောင်သို့ စီးဝင်သည်။လယ်ယာလုပ်ငန်းအတွက်ချောင်းများ သည် များစွာ အထောက်အကူပြုနိုင်သည်။စိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် ကောင်းမွန်သည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မ ၈၀မှ ၁၀၀ ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက်

အသင့်အတင့် အထောက်အကူပြုသည်။၂၀၀၂ခုနှစ်တွင်စ၍ နယ်မြေငြိမ်းချမ်းမှုမှာ ယနေ့အထိရှိနေဆဲဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်ယာမြေများရှိပြီး မြေပြန့်ဒေသနှင့်တောင်တန်းများတည်ရှိကာ မြေဆီမြေဩဇာအသင့်အတင့်ကောင်းမွန်သည်။သဘာဝသယံဇာတများမှာ တောတောင်များရှိသဖြင့်သဘာဝအော်ဂဲနစ်မြေဩဇာထုတ်လုပ်နိုင်ရန် အပင်များနှင့်ဆေးဝါးထုတ်လုပ်နိုင်ရန်ဆေးဖက်ဝင်အပင်များ သဘာဝသားငါး တိရိစ္ဆာန်များလည်း အလယ်အလတ်တွင်ရှိပါသည်။ကျေးရွာ၏ တောက်ဘက်ကားလမ်းမကြီးဘေးတွင် သဘာဝမြေသစ်ခွနှင့်ပန်းမျိုးစုံအပင်များရှိပြီး သဘာဝအမွေအနှစ်အဖြစ်ထိန်းသိမ်းရန်ရှိသည်။တောင်သူနှင့်လယ်သမားအများစုမှာ ငွေကြေးအရင်းအနှီးနှင့်စိုက်ပျိုးရေးနည်းစနစ်များ၊ဆည်ရေများ မရရှိသဖြင့်လယ်လုပ်သူများတွင်လည်း အခက်အခဲများရှိပြီး တောင်ယာခုတ်ခြင်းကိုလည်းလုပ်ကိုင်နေဆဲဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးအသွင်ပြောင်းနိုင်ရန် မျှော်လင့်နေကြသည်။ချဲ့ထွင်ရန် လယ်မြေများ လည်းရှိသည်။သဘာဝ သစ်ပင်များပြုစုပျိုးထောင်ရန်နှင့်ဥယျာဉ်ခြံမြေ၊နှစ်ရှည်ပင် စိုက်ပျိုးသူများနှင့်ရည်ရွယ်လုပ်ကိုင်နေသူများလည်းရှိသည်။မိုးစပါးကို အဓိကထား စိုက်ပျိုးပြီး ရာသီသီးနှံများလည် စိုက်ပျိုးလုပ်ကိုင်ကြသည်။စိုက်ပျိုးမြေ(၁၁၂၉.၅)ဧကရှိပြီး၊လယ်မြေ (၁၀၁၇)ဧက၊ယာမြေ(၂၅.၅)၊ဥယျာဉ်ခြံမြေ(၄၃.၅)ဧက၊အိမ်ခြံဝင်းစိုက်ခင်း(၉)ဧက၊ နှစ်ရှည်သီးနှံစိုက်ခင်း(၇.၅)ဧက၊အခြား(၂၇)ဧက စိုက်ပျိုးလျက်ရှိကြသည်။ချောင်းမြောင်းလည်းရှိသဖြင့် ဆည်များ ဆောက်လျှင် စိုက်ပျိုးရေအတွက် များစွာအထောက်အကူပြုနိုင်သည်။မိုးရေကိုအဓိကထား စိုက်ပျိုး နေကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

၂၀၁၆ ခုနှစ်၊အောက်တိုဘာလ ၁၇ ရက်ထိ အိမ်ထောင်စုပေါင်း(၁၁၃)စုနှင့် ကျား(၂၇၈)၊ မ(၂၅၉)ဦးဖြင့် စုစုပေါင်း(၅၃၇)ဦးရှိကာ တစ်အိမ်ထောင်ရှိ ပျမ်းမျှ လူဦးရေမှာ ၅ဦးနှုန်းရှိပြီး နိုင်ငံတော် ၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ % နှင့်ကိုက်ညီသည်။ကျေးရွာတွင် ဗမာ၊ကချင်၊ရှမ်း၊ရခိုင်၊ချင်း၊ပအို့ ၊ ကရင် စသဖြင့် လူမျိုးပေါင်းစုံနေထိုင်ကြသည်။ကျေးရွာ၏ ယခုလက်ရှိ အလုပ်လုပ်နိုင်သော အရွယ်မှ စုစုပေါင်းလူဦးရေ၏ ၅၈% ရှိသည်။အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားများသည် အမျိုးသမီးများ ထက် ၄% မျှပိုများသည်။သို့သော် နောက်ပိုင်းတွင် ပြန်လည်ရွှေ့ပြောင်းလာသူနှင့်နေရပ်ပြန်များရှိ သဖြင့် လူဦးရေမှာ တိုးတက်လာနိုင်သည်။ရွှေ့ပြောင်းသွားလာသူဦးရေ(၉၅)ဦးရှိပြီး တစ်ဦး အနည်းဆုံး ရွှေ့ပြောင်းသွားလာသူ အိမ်ထောင်စု ၁၀ စု ရှိပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့်လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၆၈.၁% သည်ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့် အဖြစ်ခံယူကြပြီး ၁၁.၅% နှုန်းသည် ချမ်းသာသည့်အဆင့်၊၂၀.၄% သည် အလယ်အလတ်အဆင့်အဖြစ်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေ ပိုင်ဆိုင်မှုရှိသော်လည်း လက်လှမ်းမီမှု၊လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုမရှိခြင်းတို့ကြောင့် စိုက်ပျိုးရေးကို အဓိကအားထားသော်လည်း ဝင်ငွေအတင့်အသင့် သာရှိသည်။အခြားချမ်းသာအဆင့်များမှာ စားသောက်ဆိုင်၊ကုန်စုံဆိုင်၊

ဆန်ကြိတ်စက်၊ပန်းရံ၊သစ်ခွဲစက်၊သစ်စက် စသော အသေးစားအိမ်တွင်းလုပ်ငန်းများဖြင့်လည်း ဝင်ငွေအတင့်အသင့်ရရှိကြသည်။ငွေချေးသော အိမ်ထောင်စုအချို့ရှိပြီး အစိုးရဝန်ထမ်းများမရှိခြင်း ကြောင့်ငွေကြေး အသင့်အတင့်သာရှိသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင် သော လယ်သမားများ၊လက်လုပ်လက်စားနှင့်မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်နည်းပြီး(၄၀%)ထိရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။ဆင်းရဲအဆင့် အများစုမှ မြေနေရာများရှိသော်လည်း စိုက်ပျိုးစရိတ် မတတ်နိုင်မှု၊စက်ယန္တရားငှားရမ်းနိုင်မှု မရှိသောကြောင့် ဆင်းရဲအဆင့်ဟု သတ်မှတ်ရခြင်း ဖြစ်သည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများရှိသော်လည်း မြေနေရာများကို အုပ်ချုပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ မြို့နယ်၊အုပ်စုများမှ စနစ်တကျခွဲဝေပေးလျှင် မြေနေရာများရရှိနိုင်မည်ဖြစ်ပြီး ရာသီ အလိုက် လယ်ယာလုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်း၊ဆန်ကြိတ်စက်၊တနိုင်တပိုင် မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ် ထောင်စုများ၏ ၃၀%ဖြစ်သော(၂၃)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၁၀% မှာ သူတပါးထံမှ ချေးငှားပြီး နပ်မှန်စားသုံးနိုင်ကြောင်း ၂၀% မှာသူတပါးထံမှ မချေးမငှားဘဲ သုံးလခန့် စားသုံးနိုင်ကြပြီး ၄၀% မှာ ၃လမှ၅လခန့်၊၃၀%မှာ ၆လမှ ၁၂လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန် စားသုံး နိုင်ကြကြောင်း တွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၅၀၀၀၀ကျပ်မှ သိန်းသုံးဆယ်ကျပ်အထိ ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ ၂% ခန့်သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများဖြစ်ကြပြီး ထို အိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။မုဆိုးဖို၊တစ်ခုလပ်ဦးဆောင်သည့် အိမ်ထောင်စု(၇)စုသည် ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။အကြွေးတင် ရှိမှုမှာ စားသုံးရန်နှင့် ပညာရေး၊ကျန်းမာရေးတို့တွင် အဓိက အကြွေးတင်ရှိပြီး လယ်ယာစိုက်ပျိုးရေး အတွက် ချေးငှားခြင်းများလည်း လေ့လာတွေ့ရှိရသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုမှာ သာမာန်အားဖြင့် ကျန်းမာရေးအသင့်အတင့်ကောင်းပြီး အာဟာရပြည့်ဝမှုအသင့်အတင့်သာရှိသည်။ကလေးငယ်အများစုလည်းကျန်းမာကြသည်။အစာအိမ် အူတက်ရောင်ရောဂါ၊ပန်းနာရင်ကျပ်၊ငှက်ဖျား၊သွေးလွန်တုပ်ကွေးနှင့်သွေးတိုးရောဂါ၊အဆုတ်တီဘီ ဖြစ်တတ်သည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းအများစုမှာ တစ်ကိုယ်ရည်သန့်ရှင်းရေး ရှိသော်လည်း ကျန်းမာရေးအသိအမြင်များ အားနည်းကြသည်။ထို့နောက် လူငယ်လူရွယ်နှင့် အမျိုးသားထက်အသက်ကြီးပိုင်းအချို့မှာ မူးယစ်ဆေးဝါးနှင့်အရက်သေစာ စားသောက်ကြသဖြင့် ခုခံအားနှင့် လူစွမ်းရည်များကျဆင်းလာရသည်။အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာ တွင် ရရှိနိုင်ပြီး စစ်တပ်များမှလည်း ကျန်းမာရေးကို ကူညီကြပြီး ကျေးရွာတွင် တတ်သိသူအချို့မှ ကူညီကုသပေးသည်။သဘာဝဆေးမြစ်များလည်း သုံးစွဲကြပြီးဆေးဝါးကျွမ်းကျင်သူနည်းပါသည်။ ကျေးလက်ဆေးပေးခန်းမှာ အုပ်စုတွင်သာရှိပြီး၁၆ မိုင်ခန့်ကွာဝေးပြီး မြို့နယ်ဆေးရုံကြီးနှင့်(၅၅) မိုင်ကွာဝေးပါသည်။

ကျောင်းသူ/သားများကို ဆရာတော်နှင့်စေတနာရှင်အချို့မှ အာဟာရတိုက်ကျွေးမှုများရှိ ပြီး အုပ်စုကျန်းမာရေးဌာနမှ ၁လ တစ်ကြိမ်နီးပါး ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံ့မှုများလည်း ရှိသည်။ကျေးရွာတွင် ချောင်းရေနှင့်တွင်းရေကို အဓိက သုံးသဖြင့် ဝမ်းလျှောဝမ်းပျက်နှင့်တိုက်ဖွိုက် စသည်တို့ အသင့်အတင့်ဖြစ်တတ်သည်။

(ဂ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအတင့်အတန်းသည် အတင့်အသင့်သာရှိသည်။ကျေးရွာတွင်အလယ် အလတ်သာ အခြေခံ အရေးအဖတ်၊အတွက်အချက်တို့ကို တတ်မြောက်ပြီး ကျန်သောသူများမှာ အတွက်အချက်တို့ကို တတ်သော်လည်း အရေး၊အဖတ်အလွန်ပင်အားနည်းသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်သာရှိသည်။ကျေးရွာတွင် အခြေခံပညာရေးကို မူလတန်း၊အလယ်တန်းကျောင်းခွဲတို့ တွင် တက်ရောက်သင်ကြားနိုင်ကြသည်။၂၀၀၀ ခုနှစ်မှစ၍ လူငယ်များ အရေးအဖတ် အတင့်အသင့် တတ်မြောက်ကြပြီး ၂၀၀၆ခုနှစ်မှစ၍ အလယ်တန်း၊အထက်တန်းတက်ရောက်နိုင်သူဦးရေ အသင့် အတင့်ရှိလာသည်။သို့သော် သက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီးလူငယ်လူရွယ် များအတွက် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းမှာ အားနည်းပါသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန် သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ် များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ပညာရေးနှင့်ဆိုင်သော ကိန်း ဂဏာန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောက်ကျားလေး အရေအတွက်ထက်နည်းနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မ အရေအတွက်မှာ ကျား အရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေး မှာ အမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။သို့သော် ကျေးရွာတွင်နေ့တွက်လုပ်အားခငွေမှာ အမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့်လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီ သော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမရှိသေးပေ။ကျား-မတန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုး မှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးအဖွဲ့ဟူ၍ သီးသန့်ဖွဲ့စည်းထားခြင်းမရှိပါ။လိုအပ်လာလျှင်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့နှင့် စေတနာရှိသူများက ဝိုင်းဝန်းဖြေရှင်းကြရသည်။ယခုဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲ စဉ်ကာလတွင် ကော်မတီများဖွဲ့စည်းထားခြင်းပင်လျှင်ပါဝင်သူနှင့်နားလည်သူများ အလွန် နည်းပါ သည်။ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ(၃)ဖွဲ့ရှိသည်။သို့သော်လည်း အလွန်ပင်အားနည်းသည်။ နာရေးကူညီမှုအသင်းနှင့်ငွေစုငွေချေးအဖွဲ့ ယခုလက်ရှိအချိန်ထိမရှိသေးပါ။ဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲချိန်ကာလတွင် သမချေးငွေဖွဲ့စည်းရန် ရည်ရွယ်ဖွဲ့စည်းလျက်ရှိသည်။အဓိကအကြောင်းအရင်း

မှာကျေးရွာအုပ်ချုပ်မှု ပြောင်းလဲခြင်းမရှိပေ။ထို့နောက်ကျေးရွာသူကျေးရွာသားအများစုမှာ အသိအမြင်နှင့်စာပေ ဗဟုသုတနည်းပါသည်။ဒင်းအဖွဲ့အစည်းများသည် ကျေးရွာတွင် အလိုအပ်ဆုံးဖြစ်ကြောင်း တိုက်တွန်းပြီး ကူညီဖွဲ့စည်းပေးရန် လိုအပ်လျက်ရှိသည်။ထို့ကြောင့် မြို့နယ်မှ သက်ဆိုင်ရာအဖွဲ့အစည်းများက စွမ်းဆောင်ရည်မြင့်တင်ရေးနှင့်ခေါင်းဆောင်ပိုင်းများ၏အရည်အသွေးမြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက်ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးကိုသာ အဓိက ထားစိုက်ပျိုးကြပြီး လယ်၊ဥယျာဉ်ခြံ၊နှစ်ရှည်ပင်၊ယာမြေများ လည်းရှိသည်။ယခင်က ရွှေပြောင်းတောင်ယာများ စိုက်ပျိုးခဲ့သော်လည်း ၂၀၁၂ခုနှစ် နောက်ပိုင်း တွင် ရွှေပြောင်းတောင်ယာမြေစိုက်ပျိုးမှုမှ လယ်ယာမြေစိုက်ပျိုးနိုင်ရေးကို ရှေးရှုလာကြသည်။မိုးစပါး စိုက်ဧက(၁၀၁၇)ဧကရှိပြီး ၊ယာမြေ၅၅.၅ဧက၊ဥယျာဉ်ခြံမြေ ၄၃.၅ဧက၊အိမ်ခြံဝင်းစိုက်မြေ ၉ ဧက၊ နှစ်ရှည်ပင် စိုက်ခင်း ၇.၅ ဧကနှင့်အခြား စိုက်ပျိုးဧက ၂၇ ဧကရှိသည်။သို့သော် မိုးစပါးကို(၁၀၁၇)ဧက တွင် စိုက်ပျိုးကြပြီး စပါးထွက်နှုန်းမှာ ပျမ်းမျှ(၆၀)တင်းထွက်ရှိသည်။ချောင်းများရှိသော်လည်း ဆည် များမရှိသဖြင့် မိုးရေကိုသာ အဓိကထားပြီး စိုက်ပျိုးကြသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများမရရှိပါ။စိုက်ပျိုးရေးအတွက် စက်ယန္တရားများကို မည်သည့်နေရာတွင်မျှမရရှိပေ။ထွန်စက်များကိုမူ မိမိတို့တစ်ဦးချင်းပိုင်ဆိုင်မှုသာရှိပြီး ငှားရမ်းစရိတ်ကြီးမားပြီး အချိန်မီငှားရမ်းနိုင်မှု မရှိသောကြောင့် လယ်သမားများ ကြွေးမြီတင်ရှိပြီး လယ်ယာများကို မလုပ်တစ်ချက်လုပ်တစ်ချက် ဖြင့်နေကြရသည်။အဓိကအားဖြင့် ဆင်းရဲလယ်သမားများဖြစ်ကြသည်။ထို့နောက် တောင်သူများမှာ လယ်စိုက်ရန်အင်အားမရှိကြသဖြင့် ၎င်းတို့နေရာများကို ချုံထွင်၍ လယ်ယာမြေအဖြစ်စိုက်ပျိုးရန် နည်းပညာနှင့် စက်ယန္တရားများ ငွေကြေးအရင်းအနှီးများစွာ လိုအပ်လျက်ရှိသည်။တောင်သူ၊ လယ်သမားများသည် စပါးရိတ်သိမ်းချိန်တွင် မိုးနှောင်းကောင်းသည့် နှစ်များတွင် ရေများဝတ်သဖြင့် ဆုံးရှုံးမှုများနှင့်ရင်ဆိုင်ကြရသည်။ဖျက်ပိုးများလည်းကျရောက်သည်။သို့သော် နားလည်ထားခြင်းနည်းပါးသည်။ကုန်ထုတ်လမ်းများသည် မြေသားလမ်းများဖြစ်သဖြင့် ရွံ့ နွံများရှိသဖြင့်အချိန်မှီ စပါးသယ်ယူနိုင်ခြင်းမရှိသဖြင့် အခက်အခဲကြုံတွေ့ကြရသည်။ကျွဲ၊နွားများထိန်းသိမ်းခြင်းမရှိခြင်းနှင့်တော ရိုင်းတိရိစ္ဆာန်များ၏ ဖျက်စီးမှုများကိုလည်း ကြုံတွေ့ကြရသည်။ဆင်းရဲတောင်သူများမှာ အခက်အခဲ များစွာနှင့် ကြုံတွေ့ကြရပါသည်။ထို့ကြောင့် စိုက်ပျိုးရေးအထွက်တိုးရန်နှင့်အချိန်မှီထုတ်ယူနိုင်ရေး အတွက်ဆည်မြောင်းဝန်ကြီးဌာနများ၊စက်မှုလယ်ယာဝန်ကြီးဌာနများမှ အကူအညီများကို ကျွန်ုပ်တို့ ကျေးရွာသူ၊ကျေးရွာသားများသည် အထူးလိုအပ်လျက်ရှိသည်။ကျေးရွာတွင် ဝက်မွေးသူဦးရေမှာ တစ်ရွာလုံး၏ ၃၀% မွေးမြူကြသည်။ဝက်အူကျသည့်ရောဂါနှင့်အခြား ရောဂါများလည်း ကျရောက် တတ်သည်။ကြက်မွေးသည့် အိမ်ထောင်စုရာခိုင်နှုန်း ၆၀% မွေးမြူကြသည်။ကျွဲ၊နွား မွေးမြူသည့် အိမ်ထောင်စု ၃၀% မွေးမြူကြသည်။စီးပွားဖြစ် မွေးမြူရေးမှာ အားနည်းသည်။တချို့မိသားစုများမှာ ကြက်၊ဝက်၊ကျွဲ၊နွားစသည့်ဖြင့် မွေးမြူကြပြီး ၊ကြက်၊ဝက်တွဲ၍မွေးသူများလည်းရှိသည်။နွားများသည် များသောအားဖြင့် အဖက်စားမွေးသူများသည်။ကြက်ရောဂါတွင် ကြက်နာကျရောဂါနှင့် ကြက်လည်လိမ်ရောဂါနှင့်အခြား ရောဂါများလည်းဖြစ်တတ်သည်။ကြက်များမှာ ကြက်သည်များကြောင့် အဖြစ်များသည်။ဝက်တွင်လည်း ဝက်အူကျရောဂါနှင့်အခြားရောဂါများလည်းဖြစ်သည်။ဝက်

ကာကွယ်ဆေးများကို တတ်နိုင်သလောက်သုံးလေ့ရှိသည်။ကျွန်ုပ်တို့ကျေးရွာတွင် ငါးမွေးမြူရေးပြုလုပ်ရန် ယခုမှ စတင်ကြသည်။ငွေကြေးအရင်းအနှီး မွေးမြူရေး နည်းပညာ၊ငါးမျိုးစိတ်ရရှိနိုင်မှုအလွန် အားနည်းပါသည်။ထို့နောက်ချောင်းများတွင် တနိုင်တပိုင်ဖမ်းယူစားသုံးကြသည်။ငါးဆေးများခတ် သဖြင့် ချောင်းငါးမျိုးစိတ်များ မျိုးတုံးအန္တရာယ်နှင့်ကြုံတွေ့နေရပါသည်။

(ဂ)စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊စားသောက်ဆိုင်များ၊ဈေးရောင်း၊ပန်းရံ၊လက်သမား၊မုဆိုးလုပ်သူများနှင့်ကျောက်မှော်နှင့်နီးသဖြင့် ကျောက်မှော်သို့ သွားရောက်ကျောက်ရှာသူများရှိကြသည်။အခြားလုပ်ငန်းအများစုမှာ ရာသီ ဥတုနှင့်အမျိုးအစားအလိုက်တွက်ခြေကိုက်မှု အနည်းငယ်သာရှိသည်။လက်လုပ်လက်စားအလုပ် အများစုမှာ စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းချိန်များတွင်သာ အလုပ်အကိုင်များပြီးကျန်အချိန်များတွင် အလုပ်အကိုင်နှင့်ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှု နည်းပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် သက်မွေးကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သော်လည်း မြို့ကြီးများနှင့်အလွန်ပင်အလှမ်းဝေးပါသည်။ကျောက်မှော်နီးသည်ဖြစ်၍ လူငယ်အများစုမှာ ကျောက်မှော်သို့ သွားရောက်ကျောက်တူးသူများသည်။အပ်ချုပ်၊မော်တော်ဆိုင်ကယ်ပြင်၊ဇာထိုးပန်းထိုး၊ဆံပင်အလှပြင်၊မုန့်လုပ်နည်း၊မိုဘိုင်းဖုန်းပြင်၊ကားမောင်း၊ဝပ်ရှော့ စသည်တို့သည်သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုမှာ အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပြီး ဝါသနာပါသူများ အလွန်ပင်နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း နိမ့်ကျကြပြီး သင်တန်းစရိတ်အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန်လည်းမတတ်နိုင်ကြချေ။ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့ သား၊ငါးဖောက်နည်းသင်တန်းများ၊စက်ပြင်စသော သင်တန်းများသို့ အခကြေးငွေ အကုန်အကျခံကာ ပို့လွှတ်သင်ကြားကြသည်။

(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်
စိုက်ခင်းများစိုက်ပျိုးရန်ရှိသော်လည်းကုန်ထုတ်လမ်းများမကောင်းခြင်း၊စိုက်ပျိုးရေးနည်းစနစ်များမသိရှိခြင်း၊ထုတ်ကုန်နှင့် သွင်းအားစုများအဆက်အသွယ်နည်းပါးခြင်း စသည့်တို့ကြောင့်ဖြစ်သည်။ပိုးသတ်ဆေးနှင့်ဓါတုမြေဩဇာသုံးစွဲမှု ယခုအချိန်ထိ သုံးစွဲသူနည်းနေသေးသည်။ထို့ကြောင့် မြေဆီလွှာပျက်စီးမှု သိပ်မရှိနိုင်ပါ။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်ခွံ၊ပုလင်းခွံ၊ဗူးခွံများ၊တာယာဟောင်း၊ကျွတ်ဟောင်းများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။တောင်ကုန်းတောင်တန်းများရှိသည်ဖြစ်၍ မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံကြုံရတတ်ပါသည်။၂၀၁၂ ခုနှစ်မှစ၍ နယ်မြေ မငြိမ်းချမ်းခြင်းမှာ ကျေးရွာ၏ အန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေဆဲဖြစ်ပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှ တောင်သူလယ်သမားအနည်းစုသာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောငွေကို တစ်နှစ်အတိုးနှုန်း ၅ ကျပ်တိုး၊တစ်ဧကာ တစ်သိန်းကျပ်နှုန်းဖြင့်ချေးယူနိုင်ကြသည်။သို့သော်လည်း အချိန်မီမရနိုင်ပေ။သမချေးငွေလည်း အနည်းငယ်သာ ချေးယူနိုင်ကြသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ ချေးယူပြီး စိုက်ပျိုးရေး၊ကျန်းမာရေးနှင့် ပညာရေးတို့အတွက် အဓိက ချေးယူကြပြီး ကျေးရွာတွင်ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ကျေးရွာတွင်း အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ ၅၀၀၀ ကျပ်မှ ၂၅ သိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ကျေးရွာတွင် ဘဏ်များနှင့်ပတ်သက်၍ မည်သည့်ချေးငွေမျှ မရရှိနိုင်ပါ။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းကို KIO ငြိမ်းချမ်းရေးအဖွဲ့မှ ဆောက်လုပ်လှူဒါန်းထား သည်။၁၉၉၁ ခုနှစ်တွင် စတင်တည်ဆောက်ပြီး ၁၉၉၇ခုနှစ်တွင် စတင်ဖွင့်လှစ်သည်။၄၅ပေ၊၁၈ပေ၊၁၅ ပေအရွယ်ရှိ သွပ်မိုး၊ပျဉ်ခင်းပျဉ်ကာနှင့်အင်္ဂတေ အုတ်မြစ်ချထားသောကျောင်းတွင် သင်ကြားပေး သည်။အလယ်တန်းကျောင်းကို KIO ငြိမ်းချမ်းရေးအဖွဲ့မှလှူဒါန်းပြီး ၂၀၀၆ခုနှစ်တွင် စတင်ဆောက် လုပ်ကာ ၂၀၀၈ခုနှစ်တွင်ဖွင့်လှစ်သည်။အလယ်တန်းကျောင်းမှာ ၈၀ပေ၊၃၀ပေ၊၁၆ပေအရွယ် သွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင်သင်ကြားပေးသည်။ စာတတ်မှုနှုန်းအားနည်းပါ သည်။ကျောင်းမနေသူ ၄%၊ဘုန်းကြီးကျောင်းပညာသင်သူ၅%နှင့် မူလတန်း ပညာမပြီးဆုံးသူဦးရေ ၂၃%နှင့်မူလတန်းပညာပြီးဆုံးသူဦးရေမှာ ၄၆% ဖြစ်သောကြောင့် ပညာတတ်လူဦးရေ အလွန်ပင် နည်းပါးပါသည်။ကျေးရွာ လူဦးရေအား လုံး၏ ၇၈% မှာ စာမတတ်သူဦးရေဟုဆိုနိုင်သည်။အကြောင်း မှာ စာပေလေ့လာမှုအားနည်းခြင်း၊ဝမ်းစာအတွက် ပင်ပန်းကြီးစွာရှာဖွေနေရခြင်းနှင့်နိုင်ငံရေး မငြိမ် မသက်မှုများကြောင့်ဖြစ်သည်။ထို့နောက် မြို့ကြီးများနှင့် အလှမ်းဝေးသဖြင့် စာအုပ်စာပေမရရှိခြင်း သည် အဓိကအကြောင်းအရင်းဖြစ်သည်။ယခုကျောင်းနေအရွယ်ကလေးများတွင် မူလတန်း အကြီး ဆုံး အသက် ၁၁ နှစ်နှင့်အလယ်တန်း၁ဖြနှစ်ဝန်းကျင်များလည်း စာသင်ကြရသည်။မူလတန်းနှင့် အလယ်တန်းဆရာမ(၇)ဦးရှိသည်။ကျေးရွာမှ ကျောင်းတက်သူ၁၅၄ဦးရှိပြီး ကျေးရွာတွင် မူလတန်း၊ အလယ်တန်းတက်သူ ကျား/မ ပေါင်း ၉၄ ဦးရှိပြီး အထက်တန်းနှင့်တက္ကသိုလ်တက်သူများမှာ ကျား ၁၈ယောက်နှင့် မ ၂၀ ယောက်တို့သည်ပြင်ပတွင် ကျောင်းတက်နေသူများဖြစ်သည်။ထို့နောက် မူလ တန်း၊အလယ်တန်း ပြင်ပသို့တက်သူများမှာ ကျား/မ ပေါင်း ၂၂ ယောက်ဖြစ်သည်။ကျောင်းနေသူ မူလတန်း၊အလယ်တန်း ၇၅%ရှိပြီး ၂၅% မှာ တက္ကသိုလ်နှင့်အထက်တန်းတက်သူများဖြစ်သည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေ အနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။သူတို့သည် ကျေးရွာရှိ လူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြသော်လည်း ဘာသာရေး ပွဲတော်များ ပြုလုပ်ခြင်း အားနည်းသည်။တချို့ ဘာသာရေးပွဲတော်များတွင် ရိုးရာအကများကို အခါ အားလျော်စွာ ပြုလုပ်ကြသည်။လူငယ်များ ကျေးရွာဖွံ့ဖြိုးရေးအတွက် ပါဝင်ကူညီခြင်းနှင့်သီးသန့် ဖော်ဆောင်ခြင်းမရှိပါ။လူငယ်များ၏ အပန်းဖြေမှု၊အားကစားပိုင်းတွင် အလွန်ပင် အားနည်းပြီး လူကြီး မိဘများ၏ ခွင့်ပြုချက်များ လိုအပ်သည်။လူငယ်အချို့မှာ မူးယစ်ဆေးဝါးသုံးစွဲသူများလည်းရှိသည်။

ထို့နောက်ယဉ်ကျေးမှုပိုင်းဆိုင်ရာများ၊လူငယ်လှုပ်ရှားမှုမှာ ကျေးရွာတွင် အချိန်ပြည့်နေထိုင်သူများသာ ဖြစ်ပြီး အများအားဖြင့် ကျောက်မှော်သို့ ခေတ္တသွားနေပြီး

ပြန်လာ၊ပြန်သွားဖြစ်နေသဖြင့် ယဉ်ကျေးမှု နှင့်လူငယ်များဖွံ့ဖြိုးမှုမှာ အလွန်ပင်အားနည်းလျက်ရှိသည်။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး

၂၀၁၅ ခုနှစ်တွင် ရွာလမ်းမကြီးကို ၁၀မိုင်အရှည်ရှိ ကျောက်ခင်းလမ်းကိုဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့်ပုဂ္ဂလိကကော်မတီများမှ ဆောက်လုပ်ထားခြင်းဖြစ်သည်။ကျေးရွာရှိ ရွာတွင်းလမ်းများ မှာ မြေသားလမ်းဖြစ်ပြီး၅ လအထိသာ အသုံးပြုနိုင်ပြီး ကျန်၇လတွင် ရွံ့နွံများဖြစ်သောကြောင့် သွားလာ၍ မရနိုင်ပေ။ရေလမ်းခရီး အသုံးပြုမှုမရှိပါ။ငါးဖမ်းရန်ပြုလုပ်ထားသော သစ်သား၊လက်လှေ ၃ စီးရှိသည်။စက်ဘီး ၃၅စီး၊ဆိုင်ကယ် ၁၁၆ စီးရှိပြီး ထော်လာကျီ ၁၅စီးမှာ ထွန်စက်နှင့်တွဲ၍သော် လည်းကောင်း၊အင်ဂျင်ဖြင့်သော်လည်းကောင်းအသုံးပြုသည်။ကားဖ စီးရှိပြီး နွားလှည်း ၁၉ စီးရှိ သည်။ဆိုင်ကယ်များကို အသုံးပြုမှုများပြီး စက်ဘီးကို ကျေးရွာအတွင်း ကျောင်းသားများ အသုံးပြုပြီး အပျော်စီးအဖြစ်လည်းသုံးကြသည်။ဆိုင်ကယ်အသုံးများခြင်းမှာ ခရီးဝေးမောင်းနှင်ပြီး အထက် အဆင်းများရှိသဖြင့် ဆိုင်ကယ်အသုံးပြုမှုများသည်။ထော်လာကျီများကိုမူ စပါးသယ်ရန်အတွက် အသုံး များပြီးကားများတွင်လည်း အိမ်သုံးကားနှင့်စပါး၊သစ်များ သယ်ရာတွင် အသုံးပြုကြသည်။နွားလှည်း များလည်း အသုံးပြုကြသည်။ကျေးရွာချဉ်းကပ်လမ်းများမှာ မိုးတွင်းနှင့်ဆောင်းတစ်ဝက်အထိ အသုံး ပြုသွားလာမှုမရှိပေ။နွေရာသီများတွင်သာ အသုံးပြုမှုများသည်။

ကျေးရွာတွင် လျှပ်စစ်မီး ရရှိမှု မရှိပါ။ရေအားလျှပ်စစ် ဒိုင်နမို အသေးစားများသုံးပြီး အစိုးရမှ ချပေးသော ဆိုလာများကိုလည်း အသုံးပြုကြသည်။အဆင်ပြေသောအိမ်များတွင် ဒီဇယ်အင်ဂျင်ဖြင့် လည်း တစ်ခါတစ်ရံအသုံးပြုကြသည်။ရေအားလျှပ်စစ်မှာလည်း တနိုင်တပိုင်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်း မှုအားနည်းပြီး နည်းပညာအပိုင်းလည်း များစွာ လိုအပ်သည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်း တယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ကျေးရွာတွင်သဘာဝ ဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့် ရေးဆွဲထားခြင်းမရှိပါ။ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ

ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ထောက်ပံ့သော ဆိုလာမီးများ အသုံးပြုပြီး အဆင်ပြေသော အိမ်များတွင် ဒိုင်နမို၊မီးစက်များ အသုံးပြုကြသဖြင့် ကျောင်းသူကျောင်းသားများအတွက် အသင့် အတင့်အထောက်အပံ့ဖြစ်စေပါသည်။

လူငယ်ပညာတတ်နည်းပြီး လူဦးရေအားလုံး၏ ၅၈% မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး အထက်တန်းရောက်သူများအနည်းငယ်ရှိသည်။ ကျွမ်းကျင်မှုနှင့်သက်မွေး ဝမ်းကျောင်းသင်တန်းများကို လူငယ်များအားလေ့ကျင့် သင်ကြားပေးခြင်း ဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါသည်။ကျေးရွာလူထု၏ ကျန်းမာရေး

အခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများ တို့လည်း အနည်းငယ် လက်လှမ်းမီနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိ ပညာရေးအနေအထားအတွက်အသင့်အတင့်ရှိလာသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေဩာ အတော်အသင့် ကောင်းမွန်သည်။ချဲ့ထွင်ရန် မြေများလည်းရှိသည်။မိုးရွာသွန်းမှုများမှာ စပါးနှင့်ဆောင်းသီးနှံများ စိုက်ပျိုးရန် အထာက်အပံ့ဖြစ်စေသည်။

ကျေးရွာတွင် မွေးမြူရေး ထွက်ကုန်ရောင်းချရန် အခွင့်အလမ်းသာသော်လည်း လမ်းပန်းဆက်သွယ်ရေး အထူးလိုအပ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်းနှင့်အင်တာနက်အသုံးပြုနိုင်မှု အသင့်အတင့်သာရှိသည်။

ကျေးရွာတွင် ချည်းကပ်လမ်းများနှင့် ဆည်များအတွက် သဲ၊ကျောက်များရှိပြီး သစ်၊ဝါးများလည်းပေါသည်။စိုက်ပျိုးရေးအတွက်နှင့်ကုန်ထုတ်လမ်းများအတွက် အခြေအနေကောင်းသော်လည်း နည်းပညာ၊အရင်းအနှီးလိုအပ်ပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာကောင်းမွန်ပြီး အခြားသယံဇာတလည်းထွက်ရှိနိုင်သည်။လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မြေများရှိနေသော်လည်းစက်ယန္တရားများ၊ငွေကြေး အရင်းအနှီးများ ၊နည်းပညာများစွာ လိုအပ်လျက်ရှိသည်။မိုးရေကိုသာ အဓိကထားစိုက်ပျိုးပြီး ဆည်ရေများမရှိသဖြင့် နွေးစပါနှင့် အခြားစိုက်ပျိုးမှုများအတွက် များစွာ အခက်အခဲရှိနေသည်။ဖျက်ပိုးများနှင့် တောရိုင်းတိရိစ္ဆာန်များ၏ ဖျက်စီးမှုကြုံတွေ့ကြရသည်။မြို့နယ်မှ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ယနေ့အထိ မရရှိနိုင်သေးပါ။စိုက်ပျိုးရေးအတွက် ချေးငွေများ လက်လှမ်းမီမှုအားနည်းပါသည်။ပုံစံ(၇)ရရှိသူနည်းပါးသည့်အတွက် စိုက်ဘဏ်ထုတ်ပေးသော ချေးငွေမရရှိသူများပြီး ရရှိသူများလည်း အချိန်မှီ မရနိုင်သဖြင့် စိုက်ပျိုးရေးအတွက် များစွာ အခက်အခဲရှိနေပါသည်။

ကျန်းမာရေးအတွက်ကျွန်ုပ်တို့ကျေးရွာတွင် အခက်အခဲများစွာရှိသည်။ကျေးလက်ဆေးပေးခန်းရှိနေသော်လည်း ဆရာ/ဆရာမ ဝန်ထမ်းများလိုအပ်ပါသည်။ထို့နောက်မြို့နယ်ဆေးရုံကြီးနှင့် ဝေးကွာသဖြင့် အ ရေးကြီးလူနာများအတွက် လူနာတင်ယာဉ်များ အထူးလိုအပ်လျက်ရှိသည်။ကျန်းမာ ရေးအသိပညာပေး ဟောပြောပွဲများနှင့်စာစောင်များ ဖြန့်ဝေပေးရန် လိုအပ်ပါသည်။ကျေးရွာ၏ စာသင်ကျောင်းတွင် အားကစားပစ္စည်းပံ့ပိုးမှုများမရှိပါ။လက်မှုပညာ၊အခြားသော ပညာရပ်ကျွမ်းကျင် မှုပိုင်းဆိုင်ရာများ လက်တွေ့သင်ကြားနိုင်ခြင်းမရှိပါ။ထို့နောက်စာပေဟောပြောပွဲများ၊အားကစား ပြိုင်ပွဲများကို ကျောင်းသူ၊ကျောင်းသားများ၏ စွမ်းရည်များကို ကိုယ်လက်ကြံ့ခိုင်မှုများအတွက် လေ့ကျင့်သင်ကြားပေးနိုင်ရန်လိုအပ်ပါသည်။

မည်သည့်ဘဏ်မှချေးငွေများ
ကျေးရွာတွင်မရရှိနိုင်သေးပါ။လမ်းပန်းဆက်သွယ်ရေးမကောင်း
ခြင်း၊နယ်မြေမငြိမ်းချမ်းခြင်းနှင့်မြို့ကြီးများနှင့် အလှမ်းဝေးကွာခြင်းကြောင့်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခက်အခဲ၊အဟန့်အတားများစွာရှိနေပါသည်။

(၁)လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့်ပြုပြင်သင့်သောအဆိုပြုချက်များ

ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂)ငွေကြေးဆိုင်ရာတိုးတက်မှု

ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု

(မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)

(၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်

ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသော အခက် အခဲများ၊ပြဿနာများ

ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ်ကြီးကြပ်စစ်ဆေးမှု -အစီရင်ခံစာ အနှစ်ချုပ်ကိုပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့်သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ၂-၃ မျက်နှာခန့်ပါဝင်၍အဓိကထားဖော်ပြပါမည်။

၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊လိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

စီမံကိန်းအား စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင်တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်ငန်းနည်းများ တည်ဆောက်ပါမည်။

ကြီးကြပ်စစ်ဆေးခြင်း

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်း ဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။၎င်း စစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေ သော အဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါ မည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များ စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။(၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည်၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပါ်ဦးတည်ပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များတို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်း အသီးသီး၊ကော်မတီ အသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန်ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ပါမည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာအကူအညီများ ရယူပါမည်။ထို့နောက်စပါးအထွက်နှုန်းတိုးလာရန်နှင့် စနစ် တကျစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးရေး သုတေသနဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်ပါမည်။

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်း

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများအတွက်အောက်ပါအဖွဲ့အစည်း၊ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊စိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ၊ ကန်တရိုက်နှင့် ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်း များက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာကြီးကြပ်မှုပေး မည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင်ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်သာဖြစ်ပါသည်။ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခ ကောက်ခံခြင်း၊စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်မှသည်ဒေသဆိုင်ရာအဆင့်၊ထိုမှ တဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့်အဖွဲ့အစည်းများကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပါတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာ အသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် ဆီစားမုန့်ညှင်းနှင့်အခြားသီးထပ်များ စိုက်ပျိုးနိုင်ရန် ကုန်ထုတ်လမ်း များအထူးလိုအပ်သည်။ထို့နောက် ပေါင်းသတ်ဆေး၊အမြစ်ဆွေးစေပြီးမြေဆီလွှာမထိခိုက်နိုင်သည့် ဆေးများ လိုအပ်ပါသည်။ဖျက်ပိုးများနှိမ်နှင်းနိုင်ရန် ဆေးဝါးများလိုအပ်ပါသည်။မြေနေရာများ စနစ်တကျနေရာချပေးခြင်း၊မြေကို လှုပ်ထားခြင်းမရှိဘဲ စိုက်ပျိုးနိုင်ရန်ကျေးရွာအုပ်ချုပ်ရေး၊မြေစာရင်း ဦးစီးဌာနမှ စနစ်တကျလာရောက်စစ်ဆေးပေးနိုင်ရန် အထူးလိုအပ်ပါသည်။စိုက်ဘဏ်မှချေးငွေများ ရရှိရန် ပုံစံ(၇)များ စနစ်တကျ ရသင့်ရထိုက်သူများကို စစ်ဆေးပြီး စီစဉ်ဆောင်ရွက်ပေးရန်အထူး လိုအပ်လျက်ရှိသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များ ပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်လျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားခြင်းမရှိသေးသဖြင့်မြို့နယ်သမဝါယမအသင်းက ချေးငွေလိုအပ်သူရွာသူရွာသားများ အတွက် ချေးငွေ အစီအစဉ်ကို ဆောင်ရွက်သင့်သည်။

(ဃ) ကျေးလက်အသေးစား စက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အခြေတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းရှိပါသည်။ သို့သော်ငင်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာ ဈေးကွက်၊ သတင်းအချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုး ကွဲပြားနေသောလုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှုလက်မှုလုပ်ငန်း)အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါအဆင်သင့် မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက် တွင် ထားရှိက တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထို့အဖွဲ့ တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး မြို့နယ် ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်း များကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဆံပင်ညှပ်၊ စက်ပြင်၊ ဆေးဝါးထုတ်လုပ်မှု၊သဘာဝအော်ဂဲနစ်ဓါတ် များထုတ်လုပ်မှုနှင့်မိုဘိုင်းဖုန်းပြင်၊ကွန်ပျူတာ စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော် သော သင်တန်းသားများ တက်ရောက်နိုင်ရန် စီစဉ်သွားမည်။ထိုသင်တန်းများသည် သင်တန်းသား များအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်း အနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

ခ.၂) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင်ဆောက်လုပ် ခြင်းဖြင့် ကလေးငယ်များ၏ အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။ပညာရေးဌာနနှင့် ချိတ်ဆက်ပြီး လူဦးရေ အိမ်ထောင်စု တိုးလာသည့်အတွက် အထက်တန်းကျောင်းဖွင့်နိုင်ရန်စီစဉ်၍ ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မခန့်ထားနိုင်ရေးတို့အတွက်ဆောင်ရွက်သွား မည်။

ခ.၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာ၏အခြေခံအဆောက်အဦးများတိုးတက် ကောင်း မွန်ရေး အတွက် ဆောင်ရွက် သွားမည်။တချိန်တည်းတွင်ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေး ဆောင်ရွက်မည်။

ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက်သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက် ဖွယ်ရာများကိုသိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စု

သတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ဝန်ကြီးဌာနများဦးစီးဌာနများကယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

သာမာန်အသုံးစရိတ်

ငွေလုံးငွေရင်းအသုံးစရိတ်

စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်

လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့ စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးလက်စျေးဆောက်လုပ်ရေး

ကျေးရွာတွင် ကျေးလက်စျေးနေရာကို လျာထားဆဲဖြစ်ပြီးအကောင်အထည်ဖော်ဆောင်ရွက်မှုမရှိသေးပေ။မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ကြည့်ကြပ်၍ သက်ဆိုင်ရာဌာနများကပူးပေါင်း ပါဝင်ပြီး စျေး ဒီဇိုင်းများရေးဆွဲပြီး ဆောက်လုပ်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ဟွေလုံကျေးရွာ အပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားများအတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်မည်ဖြစ်ပြီး ကျောက်မှော်နှင့်နီးသဖြင့်ကျေးရွာ၏ ဝင်ငွေအခွင့်အလမ်းများအတွက် များစွာအထောက်အကူပြုနိုင်ပါသည်။

စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့်ဖော်ထုတ်ထားချက်များဖြစ်သည်။ထို့ကြောင့်စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိက သော့ချက်များဖြစ်သည်။

နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုကငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည့်စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ဤသည်မှာကျေးရွာလူထုသည် နှစ်နှစ်၊သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော

ဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊နိုင်ငံရေးကြောင့်သော်လည်းကောင်း၊ထိခိုက်စရာ မပေါ်ပေါက်ပါကအနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက် များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့်ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာ မြောက်မူဘောင်အတွင်းနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင်မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်ဦးစားပေးတန်းစီခဲ့ကြသည်။ စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်ကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဗျူဟာမူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ဥပမာအားဖြင့်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေ ကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။သို့မှသာ ရည်ရွယ်သည့်အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့် မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက် ကျွန်ုပ်တို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် လုပ်ဆောင်ပါမည်။ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Momitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည့်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) **ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာ အသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေး အရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ် ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။

ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါ

မည်။လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အဆင့်မြင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှု အကူအညီများရယူရပါမည်။

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါ ခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ဤလုပ်ငန်းအမျိုးအစားများ အတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက်ကန်တရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေး စသည် သင်တန်းများအတွက်နည်းပညာ ဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ သက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)တွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်း အဝေးတွင် စီမံချက်များ၊ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက် များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြား အေဂျင်စီထံ မှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေး အစည်း အဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါ အတိုင်းဖြစ်ပါသည်။တစ်ရွာလုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများ လည်းဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် ငါးနှစ်တာ စီမံချက် သည်ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ ပေါ်ပေါက်လာပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်း စီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက် မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံပြီး အုပ်စုခွဲသည်၊လုပ်ငန်းကဏ္ဍကို

အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification)ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)သည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးနှင့်ငင်း စစ်ဆေးခြင်းကို(၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း ၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများဖြစ်ပါမည်။(၃)လပတ် ကုန်ဆုံးချိန်တိုင်း တွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာကို ကျေးရွာလူထုအစည်းအဝေးခွဲ အစီရင်ခံတင်ပြပါမည်။ဆက်လက်ညှိနှိုင်းဆောင်ရွက်ရ မည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။(၃)လပတ် ကြီးကြပ်စစ်ဆေး မှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတား များနှင့်ပြုပြင်သင့်သော အဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေး ဗျူဟာနှင့်စီမံကိန်းများ

ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု(မူလ လျာထားချက်နှင့်နှိုင်းယှဉ်၍)
- (၃)လပတ်ကုန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့ရ သော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန်အဆိုပြုနည်းလမ်းများ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည်(၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစား အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စု ဥက္ကဋ္ဌ နှင့်သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများ သို့ အစီရင်ခံစာပေးပို့ပါမည်။အစီရင်ခံစာသည် စာမျက်နှာ၂-၃မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကို အဓိကထားဖော်ပြပါမည်။၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှားမှုများ၊ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ လိုအပ်သော အကူအသည်အထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ဤနှစ်ပတ်လည် သုံးသပ်တွေ့ ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏

တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာက ဖိတ်ကြား အသိပေး တင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန်ဖြစ်ပါသည်။

ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊သတင်း မီဒီယာများ၊ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့်အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်း ကို လည်းရရှိပါမည်။ဤ အကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်သည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
၁။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ					
	ရွာတွင်းလမ်းမကောင်းခြင်း	၁၀၀	၁	ရွာတွင်းလမ်းများအားကောင်းမွန်အောင်ဆောင်ရွက်ရေး၊တံတား အဆင့်မြှင့်အောင်ပြုလုပ်ရေး	
၂။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ					
	ကျေးရွာချင်းဆက်လမ်းပြုပြင်ဆောင်ရွက်ရန်	၉၆	၂	ရွာတွင်းလမ်းများအားကောင်းမွန်အောင်ဆောင်ရွက်ရေး၊တံတား အဆင့်မြှင့်အောင်ပြုလုပ်ရေး	
၃။ လျှပ်စစ်မီး					
	အိမ်တိုင်းလျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	၆၇	၃	အိမ်တိုင်းလျှပ်စစ်မီးသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်ရန်	
၄။ အဆောက်အဦး					
	ကျေးလက်စာကြည့်တိုက်	၆၁	၄	ကျေးရွာတွင် ကျေးလက်စာကြည့်တိုက်ရရှိနိုင်အောင်ဆောင်ရွက် ရန်	
၅။ ရေရရှိရေး					
	သောက်သုံးရေရရှိရေးဆောင်ရွက်ခြင်း(စိမ့်စမ်း)	၅၉	၅	ကျေးရွာတွင် သောက်သုံးရေ ရရှိအောင်ဆောင်ရွက်ရန်	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

စီမံချက်	အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁။ လမ်း၊တံတားများတိုးတက်ကောင်းမွန်လာစေရေး	၁	———	———	———	———	———
၂။ကျေးရွာချင်းဆက်လမ်းပြုပြင်ဆောင်ရွက်ရန်	၂	———	———	———		
၃။ အိမ်တိုင်းလျှပ်စစ်မီးမသုံးစွဲနိုင်ခြင်း	၃	———	———	———		
၄။ ကျေးလက်စာကြည့်တိုက်	၄	———	———	———		
၅။သောက်သုံးရေရရှိရေးဆောင်ရွက်ခြင်း(စိမ့်စမ်း)	၅			———	———	———

၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖေါ်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ် အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖေါ်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖေါ်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

စီမံချက်ဘတ်ဂျတ်

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

(၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး

ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**၊ မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အစားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး

အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကိုတည်ဆောက်ရ ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊

- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမ ယင်းအခြေခံသတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator)ကို တည်ဆောက်ရ ပါမည်။

ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

နောက်ဆက်တွဲ ၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
၁ နှစ်အောက်	နို့စို့အရွယ်	၈	၅	၁၃	၂%
၁ နှစ်မှ ၅နှစ်အောက်	၅နှစ်အောက်ကလေးငယ်	၂၈	၂၂	၅၀	၉%
၅ နှစ်မှ ၉နှစ်အထိ	မူလတန်းကျောင်းသားအရွယ်	၂၇	၂၅	၅၂	၁၀%
၉ နှစ်အထက်မှ ၁၄နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၁	၄၆	၈၇	၁၆%
၁၄ နှစ်အထက်မှ ၆၀နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၆၂	၁၄၇	၃၀၉	၅၈%
၆၀ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၂	၁၄	၂၆	၅%
စုစုပေါင်း လူဦးရေ-၅၃၇		**၂၇၈**	**၂၅၉**	**၅၃၇**	**၁၀၀%**

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %
စုစုပေါင်း အိမ်ထောင်စု - ၁၁၃	တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၆ ဦး			

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။
လေ့လာတွေ့ရှိချက်။ ။ ဟွေလုံကျေးရွာတွင် နေထိုင်ကျသော ရွာသူ/သားများမှာ မြို့ကြီး၊ရွာကြီးများနှင့် အလွန်ဝေးကွာသော နေရာတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးမကောင်းသောကြောင့် ကျောက်မှော် သို့သွားနေသူ၊လယ်တောတွင် သွားနေသူများနှင့်ကျပန်းများ များသောကြောင့် အိမ်ထောင်စုစာရင်း ကောက်ယူမှုတွင် အလွန်ခက်ခဲပါသည်။ထို့နောက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးရုံးတွင် လူဦးရေစာရင်းနှင့် အိမ်ထောင်စုဦးရေ တိကျမှုမရှိပေ။အကြောင်းမှာနေရပ်ပြန်အခြေချနေထိုင်သူများနှင့် နေရာအနှံ့မှ ရောက်လာသောသူများမှာရှိခြင်းကြောင့်ဖြစ်သည်။ယခုအချိန် စပါးရိတ်သိမ်းချိန်နှင့်နီးနေပြီးဖြစ်သော ကြောင့် လယ်တောတွင် အိပ်စောင့်သူများသဖြင့် ကောက်ရခက်ပြီး အစည်းအဝေးလည်းခေါ်ရခက် ကြောင်းလေ့လာတွေ့ရှိရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင် လုပ်ငန်း	၆၁		၃၂		
	အလုပ်သမား၊ ကျပန်း၊ အငှား ရာသီအလိုက် အလုပ်သမား	၇		၁	၂၄	
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း				၂	ဝက်၊ကြက်မွေး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁				ဝက်မွေး
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁			၄	တံငါလုပ်သူဒဦး ငါးကန်(၁) ဦး
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				၁	သစ်စက်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁			၇	ဆင်ဦးစီး သစ်ဆွဲ(ကျောက်တူး(၇)ဦး
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း				၂	ဆန်စက်၁ ငါးပုံဆန်စက်(၁)
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂				လက်သမားအငှား လိုက်
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂				ရိုးရာလက်မှုပညာခြင်း၊ပလိုင်း၊တောင်း၊ ထရံပတ်(၁)ား
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁			၆	ဝပ်ရှော့
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**					
	ကိုယ်ပိုင် လုပ်ငန်း				၁	စက်ချုပ်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁၇		၁၁		စားသောက်ဆိုင်၊ ဈေးဆိုင်ရောင်း

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၂	အငှားကားမောင်း
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၃	မူကြိုဆရာမ(၁) ဦး ဆရာမ(၂) ဦး
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အငှား ရာသီအလိုက် အလုပ်သမား					
၁၈	**လူမှုရေး လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၂	
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၀			၆	
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	စုစုပေါင်း					

ရင်းမြစ်..(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင်လေ့လာတွေ့ရှိရသည်မှာ စိုက်ပျိုးရေး၊ကိုယ်ပိုင်လုပ်ငန်းများပြီး၊ အလုပ်သမား၊ကျပန်း

အလယ်အလတ်တွင်တည်ရှိသည်။စိုက်ပျိုးရေးကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများမှာ ဆင်းရဲသားများသောကြောင့် စိုက်ပျိုးရေးကို ဝမ်းစာအတွက်ထားပြီး အားလပ်လျှင် ကျပန်း အလုပ်ပြန်လည်လုပ်ကိုင်ပြီး ကျန်းမာရေး၊လူမှုရေး၊ပညာရေးတို့တွင် အသုံးစရိတ်အဖြစ်ရှာဖွေခြင်းဖြစ်သည်။ အချို့မှာရွှေ့ပြောင်းလာသူများဖြစ်သောကြောင့် ကျပန်းအလုပ်ကို ကျွမ်းကျင်အဆင့်မဟုတ်ဘဲ စားဝတ်နေရေးအတွက် ဖြေရှင်းရန်သာ လုပ်ကိုင်ခြင်းဖြစ်သည်။ကျန်သော ကိုယ်ပိုင်လုပ်ငန်းနှင့် ကျပန်းလုပ်ငန်းများ မရှိသေးကြောင်းလေ့လာတွေ့ရှိရသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၇၀၀၀	၇၀၀၀	၅၀၀၀	၅၀၀၀	

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား					
၃	ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း	နေ့စား					
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀		၇၀၀၀		
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား					
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား					
၁၀	ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း	နေ့စား					

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။
မှတ်ချက်

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မည်သည့်လုပ်ငန်းတွင်ဖြစ်စေ သတ်မှတ်နှုန်းမှာ အတူတူပင်ဖြစ်သည်။လခစား တစ်ရက်ဝင်ငွေများကို တွက်ချက်ရန်အလွန်ခက်ခဲပါသည်။အကြောင်းအရင်းမှာ အုပ်စု

ဖွဲ့၍ နေ့စားလိုက်ခြင်း၊ခင်မင်မှုဖြင့် လခတိုးပေးခြင်း၊အပြတ်ငှားရမ်းခြင်းနှင့်ကဏ္ဍအလိုက်ဝင်ငွေကွဲပြား သောကြောင့် သတ်မှတ်နှုန်းထား ထားရှိရန်ခက်ခဲသည်။နေ့စားတွင် ကျား၊မ အတူတူပင်ဖြစ်ကြောင်း လေ့လာတွေ့ရှိပါသည်။

(၁.၃) သဘာဝ ရင်းမြစ်များ

(၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၁၀၁၇	သင့်		မိုးရေခံ
ယာမြေ /တောင်ယာ	၂၅.၅	သင့်		မိုးရေခံ
ဥယျာဉ်ခြံမြေ	၄၅.၅	သင့်		မိုးရေခံ
အိမ်ခြံဝင်း စိုက်ခင်း	၉	သင့်		မိုးရေခံ
နှစ်ရှည်သီးနှံစိုက်ခင်း	၇.၅	သင့်		မိုးရေခံ
ရွှေပြောင်းတောင်ယာ မြေ				
ကိုင်း/ကျွန်းမြေ				
စားကျက်မြေ				
ပလပ်မြေ				
အခြား	၂၇	သင့်		မိုးရေခံ
စုစုပေါင်း				

ရင်းမြစ် .(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု။

မှတ်ချက်။ ။ရေရှိသည့် နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

လေ့လာတွေ့ရှိချက်။ ။ လယ်မြေများမှာ ဧကများစွာပိုင်သောသူနှင့်အနည်းငယ်ပိုင်သောသူများဖြစ်သည်။ ထို့နောက် မြေဆီများမှာ အသင့်အတင့် ကောင်းမွန်သည်။ယာမြေ၊ တောင်ယာမြေလုပ်ကိုင်သူများရှိသော်လည်း လယ်ယာမြေအဖြစ်ထွန်ယက်ရန် ရည်ရွယ်၍ လုပ်ထားခြင်းဖြစ်သော်လည်း စရိတ်ကြီးမားခြင်း၊နည်းပညာမရှိခြင်း တို့ကြောင့်ပလပ်မြေအဖြစ်သို့ ပြောင်းလဲသွားသည်။အိမ်ခြံဝင်းစိုက်ခင်းများ လုပ်ကိုင်နိုင်သော်လည်း ရောင်းရန်နေရာ ဝေးကွာခြင်း၊ဈေးကွက်များလက်လှမ်းမီမှု၊ရွာတွင်းဈေးတည်ရှိမှုမရှိခြင်းကြောင့် စိုက်ပျိုးသူအလွန်နည်းပါသည်။ဆည်ရေရရှိနိုင်သော် လည်း ဆည်ဆောက်ရန် မတတ်နိုင်ခြင်းကြောင့် မိုးရေကိုသာ အသုံးပြုမှုများသည်ကို တွေ့ရှိရပါသည်။

(၁.၃.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)
ကာဗွန် (ဓာတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမီ
အခြား ရင်းမြစ်များ		
အခြားသဘာဝရင်းမြစ်		
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	သင့်	ခက်
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	သင့်	လွယ်

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာဧရိယာတွင်သဘာဝ တိရစ္ဆာန်မျိုးစိတ်များနှင့် သဘာဝ အပင်မျိုးစိတ် များနှင့်နွားစာ၊ဆေးဘက်ဝင်များမှာ ကောင်းမွန်ပြီးများစွာရှိသည်။သို့သော် အသုံးပြုသူနည်းပါသည်။ အကြောင်းမှာ သိသူ၊နားလည်သူ အလွန်နည်းပါသည်။တိရစ္ဆာန်မျိုးစိတ်များ မျိုးတုန်းနိုင်ခြေများသော အခြေအနေရှိသည်။ငါးမျိုးစိတ်များလည်း အလယ်အလတ်တွင်တည်ရှိသောကြောင့်လေ့လာတွေ့ရှိပါ သည်။ငါးမျိုးစိတ်နှင့်တိရစ္ဆာန်မျိုးများမှာ ဝင်ငွေအတွက်ဖမ်းယူခြင်းနှင့်စားသောက်ရန်အတွက် ဖမ်းယူ ခြင်းတို့ကြောင့် နည်းပါးလာသည်။အကြောင်းမှာ စားဝတ်နေရေးမဖူလုံမှုကြောင့် ဖမ်းယူရောင်းချခြင်းကို တနိုင်တပိုင်လုပ်ကိုင်ကြသည်။စားဝတ်နေရေးဖူလုံ၍ ဖွံ့ဖြိုးလာလျှင်အလိုအလျောက် ထိန်းသိမ်းပြီးသား ဖြစ်မည်ဟုလေ့လာတွေ့ရှိရပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၃၀ဧကအထက်	၁၀ဧကအထက်	၁၀ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ				
လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု	ထွန်စက်အကြီး	လက်တွန်းထွန်စက်	ဌားရမ်း	ခါး၊ပေါက်ပြား
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကျွဲ၊နွား(၂၀)	ကျွဲ၊နွား(၁၀) အထက်		
အဓိကစီးပွားရေး လုပ်ငန်း	ကုန်စုံဆိုင်	စားသောက်ဆိုင်	ကျပန်း	ကျပန်း

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
အခြားပိုင်ဆိုင်မှု	စားသောက်ဆိုင်			
အိမ်ထောင်စု -	၁၃(၁၁.၅%)	၂၃ (၂၀.၃%)	၃၈(၃၃.၆%)	၃၉(၃၉.၅%)

ရင်းမြစ် ..(၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ အိမ်ခြေဖြင့်ခွဲခြားရန်ခက်ခဲပြီး လယ်မြေပိုင်ဆိုင်မှုဖြင့်ခွဲခြားရန်လည်း ခက်ခဲသည်။ထို့ကြောင့် လယ်ယာ၊ကျွဲ၊နွား၊လယ်ထွန်စက်နှင့်စားသောက်ဆိုင်အသေးစားနှင့်ကုန်စုံဆိုင် အသေးစသည်တို့ဖြင့် ခွဲခြားသည်။အဆင့်(၃)နှင့်(၄)တွင် လယ်ယာပိုင်ဆိုင်မှုနှင့်ကျွဲနွားရှိသော်လည်း ပုံမှန်

ဝင်ငွေမရှိသူများသောကြောင့်(၃)ဟုသတ်မှတ်ပြီး၊မြေယာမဲ့၊အိမ်အငှားနေသူနှင့်ကျပန်းများကို(၄)ဟု သတ်မှတ်ပါသည်။အစည်းအဝေးတွင်သတ်မှတ်၍ မရသောကြောင့် ကျွန်တော်တို့ အကျိုးဆောင်နှစ် ယောက်နှင့် ရပ်မိရပ်ဖ အနည်းငယ်ဖြင့်သတ်မှတ်ထားလိုက်သည်။အဆင်ပြေသော အိမ်ထောင်စုအချို့မှာ အခွန်ကောက်မည်ဟု တွေးထင်ကြောင်းလေ့လာတွေ့ရှိပါသည်။

(၁.၅) ထိခိုက်လွယ်မှု

(၁.၅.၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စုအရေအတွက်	အိမ်ထောင်စု%	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၇		အကြွေးဝယ်စား/ချေးယူသည်
၃ လနှင့် ၅ လ အထိ	၇		အကြွေးဝယ်စား/ချေးယူသည်
၆လ မှ ၁၂ လ အထိ	၉		အကြွေးဝယ်စား/ချေးယူသည်

ရင်းမြစ် .. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဟွေလုံကျေးရွာတွင် မှီတင်းနေထိုင်ကြသော ကျေးရွာသူ/သားများဖြစ်ကြသော ဥစ္စာဓနအဆင့်(၃)နှင့်(၄) ၃၀% ကောက်ရာတွင်အဆင့်(၃)အများစုမှာ လယ်ယာစိုက်ပျိုးရေးနှင့်ပညာရေး၊ ကျန်းမာရေးအခြေအနေကြောင့် အကြွေးတင်ရှိခြင်းဖြစ်ပြီးအဆင့်(၄)များသည် ရွှေ့ပြောင်းလာသူများဖြစ် သည်။ ဝမ်းစာမဖူလုံမှုအပိုင်းမှာ အလယ်အလတ်တည် တည်ရှိပြီး နှပ်မှန်စားသော သူများသာရှိသည်။

(၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၃		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၄		
အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၃		

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စောင့်ရှောက်မှုအထူးလိုအပ်နေသော သက်ကြီးရွယ်အိုနည်းပါသည်။ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်း ပုဂ္ဂိုလ် မရှိပါ။

(၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ဆင်းရဲသောမိသားစုအိမ်ထောင်စုများခြင်း
၂	သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊စိုက်ပျိုးရေ)	နိမ့်	သဘာဝရင်းမြစ်ရှားပါးမှုမရှိ၊တရားဝင်လုပ်ပိုင်ခွင့်မရသေး
၃	ရေကြီးခြင်း	နိမ့်	ထိခိုက်မှုမရှိပါ။
၄	မိုးခေါင်ခြင်း	လတ်	လယ်ယာမြေများထိခိုက်မှုရှိသည်
၅	အအေးလွန်ကဲခြင်း	နိမ့်	ထိခိုက်မှုမရှိပါ။
၆	မုန်တိုင်း	နိမ့်	
၇	ငလျင်	နိမ့်	
၈	မီးဘေး	လတ်	တောမီးရှို့ခြင်းကြောင့် ထိခိုက်မှုရှိ
၉	ဆားငန်ရေဝင်မြေ	နိမ့်	
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	ချိုင့်ဝှမ်းပုံသဏ္ဍာန်တည်ရှိသောကြောင့် အနိမ့်ဆုံးဖြစ်သည်။
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်	သစ်စက်နှင့်ထင်း၊မီးသွေးများကြောင့်

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၂	ငှက်ဖျားရောဂါ	လတ်	ချုံနွယ်နှင့်မသန့်ရှင်းသောရေ
၁၃	တီဘီရောဂါ	လတ်	တီဘီဆေးလစဉ်သောက်သူသုံးဦးရှိသည်။
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	မူးယစ်ဆေးသုံးစွဲ
၁၅	ပြည်တွင်း ပဋိပက္ခ	လတ်	လက်နက်အဖွဲ့အစည်းများရှိ၍စိုးရိမ်ရပါသည်။
၁၆	တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု	လတ်	ဝက်အူကျရောဂါ၊ခွာနာလျှာနာရောဂါကြောင့်သေဆုံးမှုရှိပါသည်။
၁၇	လူကုန်ကူးခြင်း	နိမ့်	ထိခိုက်မှုမရှိပါ။
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်	ကျန်းမာရေးနှင့်ပညာရေးတွင်ထိခိုက်မှုရှိပါသည်။
၁၉	အခြား		

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှုမရှိပါ။အကြောင်းမှာ ချိုင့်ဝှမ်း တွင်တည်ရှိသောကြောင့်ဖြစ်သည်။သစ်တောပြုန်းတီးခြင်းမှာ လျှပ်စစ်မီး လုံလောက်စွာမရရှိခြင်းနှင့် ဝမ်းစာအတွက် ဖြေရှင်းနေသောကြောင့် ပြုန်းတီးခြင်းနှင့်ဥပဒေစိုးမိုးမှုနည်းခြင်းကြောင့်ဖြစ်သည်။ကိုယ် ခံအားကျဆင်းမှုရောဂါသည် သဘာဝဘေးအန္တရာယ်ကြောင့် နည်းပါးပြီး မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် များသည်။လူကုန်ကူးခြင်းမရှိပါ။အကြောင်းမှာ နယ်စပ်ဒေသနှင့်ဝေးကွာခြင်း၊အစိုးရနှစ်ဖက်ကြားတွင် တည်ရှိသောကြောင့်ဖြစ်သည်။ဝေးလံခေါင်သီ၊လမ်းပန်းဆက်သွယ်ရေးကို ပွင့်လင်းရာသီတွင်သာ သွားလာနိုင်သဖြင့် ခက်ခဲသည်ဟုလေ့လာတွေ့ရှိရပါသည်။

(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) **ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးသုံးစွဲခြင်း
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်	နိုင်ငံရေးအခြေအနေနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း ကြောင့်ဖြစ်သည်။
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်	ရွှေ့ပြောင်းလာသူနှင့်နေရပ်ပြန်အခြေချနေများခြင်း

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	လတ်	သောက်သုံးရေမသန့်ရှင်းမှု နှင့်မူးယစ်ဆေးဝါးသုံးစွဲမှု များရှိခြင်းကြောင့်ဖြစ်သည် ။
၅	မြစ်ကမ်းဘေး နေထိုင်သူများ	နိမ့်	မြစ်၊ချောင်းကြီးများ မရှိ သဖြင့် ထိခိုက်မှုမရှိပါ။
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေ ရာ (Prone to accident) တွင် နေထိုင်သူများ	လတ်	လမ်းဆုံလမ်းခွများတွင် နေထိုင်သူများနှင့် တောင်တက်တောင်ဆင်း တွင်နေထိုင်သူများဖြစ် သည်။
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရ သူ များ (IDP)	နိမ့်	ထိခိုက်မှုမရှိပါ။
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	ထိခိုက်မှုမရှိပါ။
၉	ငါးကန်ပိုင်ရှင်	နိမ့်	ထိခိုက်မှုမရှိပါ။
၁၀	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	ရွှေ့ပြောင်းသွားလာသူများ ခြင်း
၁၁	လူနည်းစုလူမျိုးများ	လတ်	လူမျိုးစုံပြီးသဘောထား ကွဲလွဲမှုရှိခြင်း
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင် နေထိုင်သူများ	လတ်	ပဋိပက္ခကြောင့် ပညာရေး နှင့်ကျန်းမာရေးကို ထိခိုက်မှုရှိသည်။
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	နိမ့်	
၁၄	ရွှေတွင်းလုပ်သား	လတ်	တရားဝင်လုပ်ကိုင်ခွင့်မရှိ ခြင်း
၁၅	ဆေးစွဲသူများ	မြင့်	ကျေးရွာတွင်မူးယစ်ဆေး ရောင်းဝယ်မှုများရှိခြင်း
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	လတ်	မူးယစ်ဆေးဝါးသုံးစွဲသူများ ကူးစက်ရောဂါရရှိနိုင်ခြင်း၊
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူမျ ား	လတ်	လမ်းပန်းဆက်သွယ်ရေး မကောင်းခြင်း
၁၈	နေရပ်ပြန် အခြေချသူများ	လတ်	ပြန်လည်ထူထောင်ရခြင်း ကြောင့်

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁၉	ရွှေပြောင်းလုပ်သားများ	လတ်	အလုပ်အကိုင်အတည်အကျမရခြင်း
၂၀	ကားသမား	နိမ့်	
၂၁	အခြား		

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူငယ်များမှာ မူးယစ်ဆေးဝါးထိခိုက်ရန်လွယ်ကူသည်။ အကြောင်းမှာ ဝင်ငွေရလွယ်ခြင်း၊လူကြီးများ၏ ဖိနှိပ်ခြင်းနှင့်အသိအမြင်နည်းပါးခြင်း၊ပျော်ပါးသောက်စားခြင်း၊စီးပွားရေးနှင့်နေရာများရရှိရေးကို လူကြီးများမှာ ပြောပြခြင်းဆွေးနွေးပေးခြင်းမရှိသောကြောင့် စိတ်ဓါတ်များကျဆင်းကာ နောက်ဆုံးထွက်ပေါက်အဖြစ် မူးယစ်ဆေးဝါးကို အသုံးပြုလာကြခြင်းဖြစ် သည်။အလယ်တန်းပညာနှင့်မူလတန်းပညာများ တက်ရောက်ထားသော်လည်း စာကြည့်တိုက်မရှိခြင်း၊ စာအုပ်စာပေကိုနားမလည်ခြင်း၊ပြောရေးဆိုခွင့်နည်းပါးခြင်းကိုတွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	အကြိုက်ဆောင်	၃	၅	၅	၁၀	ဘာသာရေး	၄	၈
၂	တောင်သူကွန်ရက်	၂	၅	၁	၆	လယ်ယာကိစ္စ	၄	၇
၃								
၄								
၅								
၆								
၇								
၈								

ရင်းမြစ် ..ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

